
**(၃) မြေပဲသံချေးရောဂါ (Rust)**

**ရောဂါဖြစ်စေသက်ရှိ** - *Puccinia arachidis* Speg.

**ရောဂါလက္ခဏာ**များ

မြေပဲရွက်၏အောက်မျက်နှာပြင်တွင် လိမ္မော်ရောင်စပိုးစု အဖုကလေးများကို စတင်တွေ့ရသည်။ ရောဂါပြင်းထန်ပါက အပေါ်မျက်နှာပြင်အထိ မှိုစပိုးများပျံ့နှံ့သွားသည်။ နောက်ပိုင်းတွင်အရွက်တစ်ခုလုံးခြောက်၍သေသွားပြီးအပင်တွင်တွယ်ကပ်နေသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကိုမီးရှို့ဖျက်ဆီးပါ။
- ပေါင်းမြက်များကို မီးရှို့ဖျက်ဆီးပါ။
- မြေပဲကို ဆက်တိုက်စိုက်ပျိုးခြင်းသည် ရောဂါကိုပိုမိုဆိုးရွားစေသဖြင့် ရိတ်သိမ်းပြီးသည်နှင့် မြေကိုလှုပ်ထားပါ။
- ရောဂါစတင်ကျရောက်ပါက Mancozeb (မန်ကိုဇက်)၊ ၊ Chlorothalonil (ကလိုရိုသာလိုနေး)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး) စသောဆေးများကို အသုံးပြုပက်ဖျန်းပါ။